အိုးရွာကျေးရွာ

စဉ့်ကိုင်မြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉–၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အိုးရွာကျေးရွာ၊ စဉ့်ကိုင်မြို့နယ်

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	
	အိုးရွာကျေးရွာ ကျေးရွာသယံဇာတမြေပုံ၊ စဉ့်ကိုင်မြို့နယ်	
	အိုးရွာကျေးရွာ ကျေးရွာရာသီခွင်ပြ ပြက္ခဒိန်၊ စဉ့်ကိုင်မြို့နယ်	
	အိုးရွာကျေးရွာ ကျေးရွာတွင်း/ပြင်အဖွဲ့အစည်းများချိတ်ဆက်မှုပြပုံ ၊ စဉ့်ကိုင်မြို့နယ်	
	အိုးရွာကျေးရွာ လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ စဉ့်ကိုင်မြို့နယ်	
၁။	**တည်နေရာနှင့် ပထဝီဝင် အနေအထား**	
၂။	**ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံစိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ	
	(က) ကျေးလက် သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့် ဆက်သွယ်ရေး	
၆။	ပညာရေး	
၇။	ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး	
၈။	ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	
၉။	ကျား–မ ရေးရာ ကိစ္စရပ်ဆိုင်ရာ	
၁၀။	ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ (၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	
	နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးရေး ထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	
	နောက်ဆက်တွဲ (၄) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၉/၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၀၂၄ ခုနှစ်အထိ (၅) နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်းပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင်ပေးယုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိယုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်

လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစားပေး ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ၊ ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ တည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထားပါသည်။

ဇန်နဝါရီလ၊ ၂၀၂၀


ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ


အိုးရွာကျေးရွာ

စဉ့်ကိုင်မြို့နယ်


၁. စဉ့်ကိုင်မြို့နယ်၊ ဆီဆုံအုပ်စု၊အိုးရွာကျေးရွာ၏ သယံဇာတပြမြေပုံ



၂. စဉ့်ကိုင်မြို့နယ်၊ ဆီဆုံအုပ်စု၊အိုးရွာကျေးရွာ၏ ရာသီခွင်ပြ ပြက္ခဒိန်



၃. စဉ့်ကိုင်မြို့နယ်၊ဆီဆုံအုပ်စု၊အိုးရွာကျေးရွာ၏ အဖွဲ့အစည်းဆိုင်ရာချိတ်ဆက်မှုပြပုံ



၁။ တည်နေရာနှင့် ပထဝီဝင်အနေအထား

အိုးရွာကျေးရွာသည် မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်တွင် ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး ပလိပ်မြို့၏ အရှေ့ဘက် (၃)မိုင် (၂)ဖာလုံခန့်တွင် တည်ရှိပါသည်။ကျေးရွာ၏ အရှေ့ဘက်နယ်နိမိတ်တွင် ဒုဋ္ဌဝတီမြစ်တည်ရှိပြီး အဆိုပါမြစ်၏ အရှေ့ဘက်တွင် အမရပူရမြို့နယ်၏ မိကျောင်းလေးဆိုသော ကျေးရွာတစ်ရွာရှိပါသည်။ စဉ့်ကိုင်မြို့နယ်ရှိ အိုးထိန်းတောင်ဆိုသောကျေးရွာနှင့် နယ်နိမိတ်ခြင်းထိစပ်လျှက်ရှိပါသည်။ အိုးရွာကျေးရွာ၏ ဧရိယာအကျယ်အဝန်းမှာ (၁၀)ဧကခန့်သာရှိပြီး အိမ်ခြေအားဖြင့် (၉၃)အိမ်သာ ရှိသော ကျေးရွာကလေးတစ်ရွာဖြစ်ပါသည်။ ကျေးရွာနှင့်အနီးဆုံးမြို့မှာ ပလိပ်မြို့ဖြစ်ပြီး ကျေးရွာ၏ ကုန်စည်ဝန်ဆောင်မှုအချို့အတွက် အဆိုပါပလိပ်မြို့နှင့်သာ ဆက်သွယ်ဆောင်ရွက်ကြပါသည်။ ကျေးရွာ၏ မြောက်ဘက်(၂)မိုင် (၃)ဖာလုံခန့်တွင် မင်းကိုင်းကျေးရွာ၊ အနောက်မြောက်(၁)မိုင်(၆)ဖာလုံခန့်တွင် အင်းလျားကျေးရွာ၊ အနောက်လက်တည့်တည့် (၄)ဖာလုံခန့်အကွာတွင် ကံသာအေးကျေးရွာ၊ အရှေ့မြောက်ဘက် (၂)မိုင်အကွာတွင် ဗျည်းလောကျေးရွာ ၊ မင်းကိုင်းကျေးရွာတို့ တည်ရှိကြပါသည်။ ကုန်စည်ဝန်ဆောင်မှုများအတွက် အနီးဆုံးမြို့ဖြစ်သော ပလိပ်မြို့နယ်နှင့် အိုးရွာသို့ ဆက်သွယ်သောလမ်းမှာ မြေသားလမ်းအဆင့်ဖြစ်ပြီး၊ ရာသီမရွေးသွားလာနိုင်ပါသည်။ ကျေးရွာတွင်း လမ်းများမှာလည်း မြေသားလမ်းဖြစ်ပြီး မိုးရွာသီတွင် လမ်းကွေ့နေရာအချို့များတွင် ရွံ့ဗွက်များ ထခြင်း၊ သွားလာရ ခက်ခဲခြင်းများကြုံနေရပြီး အဆိုပါရွာတွင်းလမ်းအား ကွန်ကရစ်လမ်းအဖြစ်သို့ အဆင့်မြှင့်တင်ပေးပါက ပိုမိုအဆင်ပြေစွာနှင့် လုပ်ငန်းများ ခရီးတွင်လာမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်မှုတွင် တစ်ဒေါင့်တစ်နေရာမှ အထောက်အကူဖြစ်မည်မှာ အသေအချာပင် ဖြစ်ပါသည်။ ကျေးရွာပတ်ဝန်းကျင်တွင် ဒုဋ္ဌဝတီမြစ်၊ လယ်မြေ၊ ယာမြေ၊ ဥယျာဉ်ခြံမြေများဖြင့် အမြဲတမ်း စိမ်းလန်းစိုပြေသော ကျေးရွာလေးတစ်ရွာဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

အိုးရွာကျေးရွာ၏ ရာသီဥတုအခြေအနေမှာ သာမာန်အားဖြင့် နွေရာသီတွင် အပူချိန် ၄၀ ဒီဂရီ စင်တီဂရိတ်အထိ အမြင့်ဆုံးရှိပြီး အနိမ့်ဆုံးအခြေအနေတွင် ၃၀ဒီဂရီစင်တီဂရိတ်ရှိတက်ပါသည်။ မိုးရာသီတွင် တစ်ခါတစ်ရံ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဒုဋ္ဌဝတီမြစ်ရေတိုးမှုများ ဖြစ်ပေါ်ပြီး ကမ်းပါးယံများ အနည်းငယ်ပြိုကျလာရာမှ ယခုအခါ ရွာဦးဘုန်းကြီးကျောင်းအနီး ကမ်းပါးယံများအား နှစ်စဉ် ပြုပြင်ထိန်းသိမ်းခြင်းများ ကျေးရွာမှအလှူရှင်၊ ကိုယ်ထူကိုယ်ထများဖြင့် နှစ်စဉ်ဝိုင်းဝန်းဆောင်ရွက်လျက်ရှိပါသည်။ အလယ်ပိုင်းဒေသတွင်ပါဝင်သော ကျေးရွာတစ်ရွာဖြစ်ပြီး အပူပိုင်းဒေသအလျောက် ရာသီဥတုမမှန်ခြင်းများ တစ်ခါတစ်ရံကြုံတွေ့ရတက်ပါသည်။ လယ်မြေများမှ ဒုဋ္ဌဝတီမြစ်ရေတင်စခန်းဖြစ်သော အိုးထိန်းတောင်ကျေးရွာမှ ဖြန့်ဝေကာ ပေးဝေလျက်ရှိသော်လည်း နာရီမှန်အောင် မပေးနိုင်သည့်အပြင် ရွာနှင့်(၁)

မိုင်ဝေးသောကြောင့် နွေရာသီသို့ ရောက်ရှိသော်အခါ စိုက်ပျိုးရေးရရှိရေးအတွက် မြေအောက်ရေအရင်း အမြစ်များမှ စက်ရေတွင်းများတူးဖော်ကာ နီးစပ်သော နေရာများမှ ခက်ခဲစွာ အသုံးပြုနေကြရပါသည်။ အဆိုပါပြဿနာများမှာလည်း မြစ်ရေတင်စခန်းမှ ရေမှန်ကန်စွာ မပေးနိုင်သောကြောင့် ဖြစ်ပါသည်။ ကျေးရွာ၏ စိုက်ပျိုးမြေဧကများမှာ ယာမြေ(၆၆.၅)ဧက၊ လယ်မြေ (၅၆.၅) ဧကရှိသည်။ ကျေးရွာ၏ စိုက်ပျိုးမြေအားလုံးသည် ဒုဋ္ဌဝတီမြစ်ရေတင်စခန်းမှ ရာသီအလိုက် အသုံးပြုကြရပါသည်။ မြောင်းမကြီးနှင့်ဝေးသောကြောင့်လည်း စိုက်ပျိုးရေများ အလုံအလောက်မရရှိခြင်းများလည်း ဖြစ်ပါသည်။ ထွန်ယက်စိုက်ပျိုးနိုင်သည့် မြေများကို စပါး၊ နှမ်း ၊ ကုလားပဲနှင့် နံနံ၊ မုံလာများစိုက်ပျိုးကြပါသည်။ သဘာဝအရင်းအမြစ်များအဖြစ် အိုးရွာကျေးရွာနှင့် ကပ်လျက်တည်ရှိသော ဒုဋ္ဌဝတီမြစ်မှ သဲများအနည်းငယ် ထုတ်ယူသုံးစွဲနိုင်ပါသည်။ သို့သော်လည်း ကမ်းပါးများလှိုက်စား၍ တိုက်စားလာနိုင်တာကြောင့် အနည်းငယ်သာ ထုတ်ယူသုံးစွဲကြပါသည်။ ၁၂ ရာသီထုတ်ယူသုံးစွဲခွင့် ပေးမထားပါ။ ကျေးရွာ၏ စိုက်ပျိုးသီးနှံများအား မြစ်ရေတင်စခန်းမှ ရေကိုအသုံးပြုကြပြီး မလောက်ငှသောအခါ အဝစိတွင်းများမှ စက်တပ်ဆင်၍ ထုတ်ယူသုံးစွဲကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

အိုးရွာကျေးရွာတွင် စီးပွားရေးကိုအခြေခံသောအဖွဲ့ (၁)ဖွဲ့၊ဘာသာရေးကိုအခြေခံသောအဖွဲ့ (၂)ဖွဲ့၊ လူမှုရေးကိုအခြေခံသောအဖွဲ့ (၃)ဖွဲ့ရှိပါသည်။၄င်းအဖွဲ့အစည်းများသည် ၄င်းတို့၏ အခန်းကဏ္ဍအလိုက် သက်ဆိုင်ရာတာဝန်များကို ထမ်းဆောင်လျက်ရှိသည်။ ကျေးရွာရှိ အဆိုပါအဖွဲ့အစည်းများမှာ အပြန်အလှန်ယုံကြည်မှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု အပြည့်ရှိကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့အကြား ချိတ်ဆက်ဆောင်ရွက်မှု၊ အဖွဲ့အစည်းဆိုင်ရာ သဘောတရားတို့နှင့် ပတ်သက်၍ အားနည်းကြပြီး အဖွဲ့အစည်းများစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းများ ရရှိနိုင်ပါက ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု ပိုမိုတိုးတက်ကောင်းမွန်လာနိုင်ပါသည်။

အိုးရွာကျေးရွာ၏ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာရပ်မိရပ်ဖများ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများနှင့် ပူးပါင်းညှိနှိုင်း၍ ဘာသာရေးဆိုင်ရာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် သာသနာ့အကျိုးတော်ဆောင်များဖြစ်သော ဂေါပကလူကြီးများ အဖွဲ့ဖွဲ့စည်းပေး၍ ဘာသာရေးလုပ်ငန်းများတွင် စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ပညာရေးဆိုင်ရာလုပ်ငန်းများတွင် စာသင်ကျောင်း၏ အကျိုးတော်ဆောင်ကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲဆောင်ရွက်စေခြင်း၊ ကျန်းမာရေးဆိုင်ရာလုပ်ငန်း

များတွင် ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် နာရေးလူမှုကူညီရေးအသင်း ဖွဲ့စည်း၍ စီမံဆောင်ရွက်စေခြင်း၊ ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေးကဏ္ဍတွင် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီ ဖွဲ့စည်း၍ လျှပ်စစ်မီးနှင့်ပတ်သက်သော ဓါတ်အားလိုင်းများထိန်းသိမ်းခြင်း၊ လျှပ်စစ်မီးလင်းရေးဘဏ္ဍာ များရှာဖွေခြင်း လုပ်ငန်းများအတွက် စီမံခန့်ခွဲစေခြင်း၊ ကျေးရွာတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော လမ်းများ၊ ကျေးရွာပိုင်အဆောက်အဦများကို ပြုပြင်ထိန်းသိမ်းခြင်း၊ သာရေးနာရေးလုပ်ငန်းများတွင် သုံးစွဲနိုင်ရန်အတွက် ကျေးရွာပိုင်ပစ္စည်းများထိန်းသိမ်းခြင်း၊ ကျေးရွာဖွံ့ဖြိုးရေး ရန်ပုံငွေရှာဖွေခြင်းများ လုပ်ဆောင်နိုင်ရန်အတွက် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများဖွဲ့စည်း၍ စီမံခန့်ခွဲစေခြင်း၊ သာရေးနာရေး များတွင် ကူညီချက်ပြုတ်လုပ်ဆောင်ရန်အတွက် ထမင်းချက်အဖွဲ့များ ၊ ဟင်းချက်အဖွဲ့များ၊ ဓမ္မရောင်ခြည် လူငယ်ပရဟိတအဖွဲ့များ၊ အမျိုးသမီး ပရဟိတအဖွဲ့၊ ထမင်းကျွေးတာဝန်များအား ဆယ်အိမ်မှူးများမှ စီမံခန့်ခွဲဦးဆောင်စေခြင်း စသောဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုများတွင် အဖွဲ့အစည်းလိုက် တာဝန်ပေးအပ်၍ လုပ်ကိုင်ဆောင်ရွက်ကြပါသည်။

၄။ စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အိုးရွာကျေးရွာတွင် ၁၂.၅ ဧကအထက် တောင်သူကြီး(၂) အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ ဧကကြား တောင်သူလတ် (၆)အိမ်ထောင်စု၊ ၂.၅ဧကမှ ၅ဧကကြား တောင်သူငယ် (၇) အိမ်ထောင်စုနှင့် ၂.၅ ဧကအောက် ဆင်းရဲသားတောင်သူ (၂၀)အိမ်ထောင်စုနှင့် မြေယာမဲ(၅၈) အိမ်ဖထောင်စု စသည်တို့ရှိကြပြီး အများစုမှာ ဥယျာဉ်ခြံ များဖြစ်ပြီး ဒုတိယအများစုမှာ လယ်မြေအမျိုးအစားများဖြစ်ကြကာ စပါးနှင့် ကုလားပဲကိုအဓိကထား စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများကို သက်ရက်ပင်များစိုက်ပျိုးကြသည်။ မြေယာမဲ့အိမ်ထောင်စု (၅၈)အိမ်ထောင်စုရှိသဖြင့် စုစုပေါင်းအိမ်ထောင်စုထက် ထက်ဝက်ကျော်ရှိပြီး ချည်ကွေး၊ လက်သမား၊ ပန်ရံ၊ အခြားကျပန်းလုပ်ကိုင်သူများနှင့် ဈေးသည်များလည်း ရှိကြပါသည်။ မြေယာမဲ့အိမ်ထောင်စု၏ (၅၆.၈၉) ရာခိုင်နှုန်းခန့် အိမ်ထောင်စု (၃၃)စုသည် နီးစပ်ရာကျေးရွာများနှင့် မန္တလေးမြို့များသို့ သွားရောက်၍ ချည်ကွေးလုပ်ငန်းအား လုပ်ကိုင်အသက်မွေးကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသော တောင်သူများအနေဖြင့် ရာသီဥတုကောင်းလျှင် သီးနှံများ ထွက်နှုန်းကောင်းမွန်၍ ဈေးကွက်ကောင်းမွန်လျှင် အကျိုးအမြတ်များစွာရရှိပြီး ရာသီဥတု

ဖောက်ပြန်ပါက သီးနှံအထွက်နှုန်းမကောင်း၍ အကျိုးအမြတ်နည်းခြင်း ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ရတတ်ပါသည်။

ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေးမှာ စပါးသာ အဓိကစိုက်ပျိုးကြသဖြင့် လိုအပ်သည့် ရေကို ဒုဋ္ဌဝတီမြစ်ရေတင်စခန်းမှ ရေတင်ပေးရပါသည်။ ကျေးရွာအတွင်းရှိ လယ်သမားများတွင် ရေစုပ်စက် (၂၀)လုံးနှင့် မြက်ရိတ်စက်(၁၀)လုံး ရှိပါသည်။ သရက်အထွက်နှုန်းမှာ တစ်ဧကျပမ်းမျှ (၁၂၅) ဖာခန့် ရှိပါသည်။ စပါးအနေဖြင့် တစ်ဧကျပမ်းမျှ (၈၀)တင်းနှင့် ကုလားပဲတစ်ဧက ပျမ်းမျှ (၁.၅) တင်းခန့် ထွက်ရှိကြပါသည်။

(ခ) မွေးမြူရေး

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု (၂၂)စုရှိပြီး နွားကောင်ရေ (၃၇)ကောင်၊ နို့စားနွားမွေးမြူထားသည့် အိမ်ထောင်စု (၁၈)စုရှိပြီး ကြက်(၁၆၂)ကောင်နှင့် ဝက်မွေးမြူသည့် အိမ်ထောင်စု (၄)အိမ်ရှိပြီး (၁၀) ကောင်စသည်ဖြင့် တစ်နိုင်တစ်ပိုင် မွေးမြူရေးလုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးခြင်း ဝန်ဆောင်မှုများ အားနည်းသဖြင့် ရာသီကူးပြောင်းချိန်တွင် ရောဂါများ ကူးစက်ခံရပြီး ပျက်စီးဆုံးရှုံးမှု အနည်းငယ် ရှိသည့်အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်မည်ဆိုပါက မွေးမြူရေးနည်းပညာနှင့် ပတ်သက်သည့် အတွေ့အကြုံ၊ အသိပညာများ အားနည်းကြပါသည်။

(ဂ) စိုက်ပျိုးရေးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

အိုးရွာကျေးရွာတွင် ပန်းရံ၊ လက်သမားနှင့် တောင်ယာလုပ်ငန်းကို စိုက်ပျိုးလုပ်ကိုင်ကြသော အခြားကျပန်းလုပ်ကိုင်သူများ ရှိပါသည်။ တောင်သူများ အကျိုးအမြတ်ရ၍ အဆင်ပြေလျှင် ကျပန်းလုပ်ကိုင်သူများ ဝင်ငွေကောင်းကြပြီး တောင်သူများ သီးနှံဆုံးရှုံးမှုရှိပါက အလုပ်အကိုင်ရှားပါးမှုနှင့် ရင်ဆိုင်ရတက်ပါသည်။ အိုးရွာကျေးရွာ၏ အဓိကဝင်ငွေရရှိဆုံးလုပ်ငန်းမှာ သရက်ခြံပင် ဖြစ်ပါသည်။ သရက်ထွက်ကုန်များသည် တောင်သူများအတွက်သာမက ကျပန်းအလုပ်သမားများ အတွက်ပါ အားထားရသည့် ထွက်ကုန်ဖြစ်သည့်အတွက် ဈေးကွက်ဆိုင်ရာ အသိဉာဏ်ဗဟုသုတ အသိအမြင်ရှိပါက ပို၍အဆင်ပြေမည်ဖြစ်ပါသည်။

(ဃ) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

လယ်သမားများသည် စိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်တွင် ပုံစံ (၇) ဖြင့် တစ်ဧကလျှင် (၁.၅)သိန်းနှုန်းဖြင့် (၁၀)ဧကအထိ အလွယ်တကူချေးယူ၍ ရရှိနိုင်သော်လည်း

ကိုယ်ပိုင်ရင်းနှီးငွေ နည်းပါးကြပါသည်။ မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးမွေးမြူရေးမဟုတ်သော သက်မွေးလုပ်ကိုင်နေကြသော မိသားစုဝင်များသည် ချေးငွေများ လွယ်ကူစွာ လိုသလောက်မရှိသဖြင့် တစ်ပိုင်တစ်နိုင်လုပ်ငန်းမှ စီးပွားဖြစ်လုပ်ကိုင်ကြရန် အခွင့်အလမ်းနည်းနေကြပါသည်။ ကျေးရွာမှ ငွေချေးသူများနှင့် ပြင်ပမှ လာရောက်ချေးယူသူများထံမှ အတိုးနှုန်းကြီးစွာ ချေးယူနေကြရပါသည်။ ထိုကြောင့် အတိုးနှုန်းသက်သာသော မြစိမ်းရောင်စီမံကိန်းကဲ့သို့သော စီမံကိန်းများ ရရှိရန် လိုလားကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

အိုးရွာကျေးရွာ၏ ရွာတွင်းလမ်းများသည် မြေသားလမ်းဖြစ်ပါသောကြောင့် မိုးရာသီတွင် ရေအိုင်ခြင်း၊ ဗွက်ထခြင်း၊ ဆိုင်ကယ်၊ စက်ဘီးများ သွားလာရသည်မှာ မကောင်းသောကြောင့် အဆင့်မြှင့်တင့်ရန် လိုအပ်ပါသည်။

အိုးရွာကျေးရွာတွင် လှေ (၂၀)စင်း၊ စက်ဘီး(၃၆)စီး၊ မော်တော်ဆိုင်ကယ် (၈၆)စင်းနှင့် နွားလှည်း (၈)စီး စသည်ဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်ဓါတ်အားအသုံးပြုနိုင်သူအိမ်ထောင်စုသည် ကျေးရွာအိမ်ထောင်စု၏ (၆၆.၆၇) ရာခိုင်နှုန်းရှိသဖြင့် လျှပ်စစ်မီးနှင့်ပတ်သက်၍ အခက်အခဲမရှိ သုံးစွဲနိုင်ကြောင်း တွေ့ရပါသည်။ဆိုလာဖြင့်အသုံးပြုသောအိမ်ထောင်စု (၁၁) စု၊ အင်ဂျင်ဖြင့်မောင်းနှင်အသုံးပြုသော အိမ်ထောင်စု (၁၈)စုရှိပြီး လုံးဝအသုံးမပြုနိုင်သောအိမ်ထောင်စု (၂)စုရှိပါသည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အိုးရွာကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို ဖုန်း (၁၂၆)လုံး၊ ရေဒီယို (၃၇)နှင့် တီဗွီ (၅၀)လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာမှ ဖုန်းဖြင့် စျေးကွက်လက်လှမ်းမီစွာ အသုံးပြုနိုင်သော်လည်း အင်တာနက်အသုံးပြုနိုင်မှုမှာ အသင့်အတင့်သာ ကောင်းမွန်သည့်အတွက် အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုမှု အားနည်းပါသည်။

၆။ ပညာရေး

အိုးရွာကျေးရွာသည် ရွာငယ်လေးဖြစ်သောကြောင့် စာသင်ကျောင်းထားရှိခြင်း မရှိသည့်အတွက် အိုးထိန်းတောင် မူလတန်း (အ.မ.က)ကျောင်းသို့ သွားရောက်သင်ယူကြရပြီး အိုးရွာကျေးရွာအနေဖြင့် ကျောင်းသားဦးရေမှာ (၃၀)ဦးသာရှိပါသည်။ အလယ်တန်းအဆင့်(၇)ဦး၊ အထက်တန်းအဆင့် (၁၃)ဦး နှင့်တက္ကသိုလ်အဆင့် (၁၃)ဦး စုစုပေါင်း ပညာသင်ကြားနေသူ ကျား(၃၁)ဦးနှင့် မ(၃၂)ဦး စုစုပေါင်း (၆၃)ဦး ရှိပါသည်။

အိုးရွာကျေးရွာတွင် အခြေခံမူလတန်းကျောင်းရှိပြီး စာသင်ကျောင်းဆောင်အသစ် တိုးချဲ့ရန် တင်ပြထားပါသည်။ ကျောင်း၏ လုံခြုံရေးအတွက် ခြံစည်းရိုးကာရံနိုင်ရန် ယခုနှစ်ဘက်ဂျက်တွင် ပါဝင်ပြီး ဖြစ်ပါသည်။ ကျောင်းသား/သူများအတွက် အားကစားပစ္စည်းများ၊ သင်ထောက်ကူပစ္စည်းများနှင့် မြို့နှင့် အလှမ်းဝေးသည့်အတွက် ပညာရေးဝန်ထမ်းများ နေထိုင်ရန် အိမ်ရာချထားပေးလျှင် ပိုမိုအဆင်ပြေမည်ဖြစ်ပါသည်။

အလယ်တန်းနှင့်အထက်တန်းကျောင်းကို ပလိပ်မြို့သို့လည်းကောင်း၊ ငွေကြေးအဆင်ပြေသော မိဘများအနေဖြင့် စဉ်ကိုင်၊ မန္တလေးမြို့ရှိ ဘော်ဒါများသို့လည်းကောင်း သွားရောက် အပ်နှံကြ ပါသည်။ အနီးပတ်ဝန်းကျင်ရှိ ပလိပ်မြို့သို့ တက်ရောက်သောကျောင်းသားများအနေဖြင့် များသောအားဖြင့် စက်ဘီးများဖြင့် ကျောင်းတက်ရောက်ကြပါသည်။

ကျေးရွာတွင် စာမတက်သူဦးရေ (၆)ယောက်ရှိပြီး သက်ကြီးရွယ်အိုများ ဖြစ်ကြပါသည်။ မူလတန်းပြီးမြောက်သူ (၁၈၄)ဦး၊ အလယ်တန်းပြီးမြောင်သူ (၄၉)ဦး၊ အထက်တန်းပြီးမြောက်သူ (၄၈)ဦးနှင့် တက္ကသိုလ်ပြီးမြောက်သူ (၃၃)ဦး ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ်ကောင်းများ ဖြစ်ကြပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

အိုးရွာကျေးရွာတွင် ကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများ လာရောက်သည့်အတွက် ကူးစက်ရောဂါများ ဆိုးဆိုးရွားရွား မရှိခဲ့ပါ။ ကျန်းမာရေးကောင်းမွန်ကြပါသည်။ တစ်ခါတစ်ရံ ကလေးသူငယ်များ မသန့်ရှင်းသော အစားအသောက်များကို စားသုံးမိခြင်းကြောင့် ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ခြင်း၊ ရာသီတုပ်ကွေး၊ ဖျားနာခြင်းဖြစ်ပေါ်တင်ပါသည်။ ထိုအချိန်အခါမျိုး၌ ကျန်းမာရေးဌာနမှ အချိန်မီ လာရောက်၍ ကျန်းမာရေးဗဟုသုတများ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးလျှက်ရှိပါသည်။

သောက်သုံးရေအတွက် အိမ်တိုင်းတွင် တုံကင်/ဘုံဘိုင်များရှိသည့်အပြင် ဒုဋ္ဌဝတီမြစ်ရှိသဖြင့် ရေအခက်အခဲမရှိပါ။ သို့သော်ရေအရည်အသွေးများ စမ်းသပ်စစ်ဆေးမှုများ မရှိသေးပါ။

သန့်ရှင်းသော ယင်လုံအိမ်သာများကို အသုံးပြုသည့် အိမ်ထောင်စု(၇၃)စုသာရှိပြီး တချို့အိမ်ထောင်စုများသည် စုပေါင်းသုံးကြသည့်အတွက် ယင်လုံအိမ်သာ သုံးစွဲရခြင်း၏ ကျန်းမာရေး အရေးကြီးပုံကို အသိပညာပေးခြင်း ပြုလုပ်ပေးရန် လိုအပ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် ဘသာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

အိုးရွာကျေးရွာတွင် စိုက်ခင်းများ ဖျက်ပိုးများ ကျရောက်တတ်ခြင်းကြောင့် ပိုးသတ်ဆေး နှင့်ဓာတုမြေဩဇာ သုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်ပါသည်။ သရက်ခြံများမှ သရက်သီးများ အရည်အသွေးကောင်းမွန်လာနိုင်စေရေး၊ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု ကောင်းမွန်ပြီး ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ စွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးစေလိုပါသည်။ ကျေးရွာတွင် မိုးရာသီ၌ မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် မြစ်ရေလျှံ၍ မြစ်ရေကြီးခြင်း၊ ကမ်းပါးပြိုခြင်း အစရှိသော ဘေးအန္တရာယ်များ ဖြစ်ပေါ်လာနိုင်သောကြောင့် လူနေအိမ်များ ပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ ပျက်စီးဆုံးရှုံးနိုင်ခြင်း အစရှိသော ဘေးအန္တရာယ်များလည်း ဖြစ်ပေါ်လာနိုင်ပါသည်။

၉။ ကျား-မ ရေးရာကိစ္စရပ်ဆိုင်ရာ

အိုးရွာကျေးရွာတွင် ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် ကျား-မရေးရာကိစ္စဆိုင်ရာ အနေအထားမှာ လွတ်လပ်မှုရှိပါသည်။ ကျေးရွာတွင် ကျား-မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။ အမျိုးသမီးအကြမ်းဖက်မှုများ မရှိသော်လည်း အကြမ်းဖက်မှုများတွင် ကာကွယ်ရမည့် တရားနည်းဥပဒေဆိုင်ရာ အသိပညာများ အားနည်းကြပါသည်။ အိုးရွာကျေးရွာတွင် ကျား-မ၊ လူကြီး-လူငယ်မရွေး နှစ်စဉ်ပဌာန်းပွဲကို စည်ကားသိုက်မြိုက်စွာ ဆောင်ရွက်လုပ်ကိုင်ကြပါသည်။

ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် ဆီဆုံ			ကျေးရွာအမည် အိုးရွာ
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ
၁	အခြေခံအဆောက်အဦ	ကျေးလက်လမ်းတံတား	ကျေးရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း
၂	အခြေခံအဆောက်အဦ	အခြားအခြေခံအဆောက်အဦ	ကျေးရွာကွက်သစ်တိုးချဲ့ပေးရန်
၃	အခြေခံအဆောက်အဦ	အခြားအခြေခံအဆောက်အဦ	ကျေးရွာစာကြည့်တိုက်တိုးချဲ့ဆောက်လုပ်ရန်
၄	အခြေခံအဆောက်အဦ	အခြားအခြေခံအဆောက်အဦ	ဘက်စုံသုံးခန်းမတည်ဆောက်ရန်
၅	အခြေခံအဆောက်အဦ	သောက်သုံးရေ	ရေသန့်စက်တည်ဆောက်ရန်(မြစ်ရေမှ)
၆	ပညာရေး	ကျောင်းအဆောက်အဦ၊ပရိဘောဂ၊သင်ထောက်ကူ	မူလတန်းကျောင်းချဲထားပေးရန်
၇	ပညာရေး	အစိုးရအသိမှတ်ပြု (သက်မွေးပညာ)	အသက်မွေးဝမ်းကျောင်းသင်တန်းများပို့ချပေးရန်
၈	ပညာရေး	ကျောင်းပြင်ပပညာရေး	အသိပညာပေးစာပေဟောပြောပွဲပြုလုပ်ပေးရန်
၉	ငွေကြေး	သမဝါယမအသင်းအဖွဲ့များ၏ငွေကြေးဝန်ဆောင်မှုများ	နွားဝက်မွေးမြူရေးချေးငွေချထားပေးရန်
၁၀	ငွေကြေး	ရပ်ရွာအခြေပြု	အရင်းအနှီးရရှိရေးစီမံကိန်းချထားပေးရန်
၁၁	စိုက်ပျိုးရေး	ရေ	စိုက်ပျိုးရေလုံလောက်စွာရရှိစေရန်
၁၂	စိုက်ပျိုးရေး	နည်းပညာ	မျိုးကောင်းမျိုးသန့်ရရှိရန်
၁၃	စိုက်ပျိုးရေး	ဈေးကွက်	ကျေးရွာပိုင်စိုက်ပျိုးရေးဆေးပစ္စည်းဆိုင်
၁၄	ကျန်းမာရေး	ကျန်းမာရေးပညာပေး၊ကျောင်းကျန်းမာရေး	ကျန်းမာရေးအသိပညာပေးဟောပြောပွဲဆောင်ရွက်ရန်
၁၅	ကျန်းမာရေး	လူနာတင်ကား၊ကျန်းမာရေးဝန်ဆောင်မှုအဖွဲ့၊နိဗ္ဗာန်ယာဉ်စသည် ...	ကျန်းမာရေးယာဉ်အတွက်ကော်မတီစနစ်တကျဖွဲ့စည်းရန်
၁၆	ကျန်းမာရေး	ကျေးလက်ကျန်းမာရေးဆေးပေးခန်း၊ကာကွယ်ဆေးထိုးခြင်း	ဆေးပေးခန်းတည်ဆောက်ရန်
၁၇	လူငယ်နှင့်အားကစား	အမျိုးသမီး	အမျိုးသာ/ သမီးလုပ်အားခတန်းတူရရှိရန်
၁၈	လူငယ်နှင့်အားကစား	အားကစား	အားကစားကွင်းတည်ဆောက်ရန်
၁၉	သယံဇာတနှင့်သဘာဝဝန်းကျင်	သဘာဝဘေးလျော့ချရေး	မြစ်ရေကာတာတည်ဆောက်ပေးရန်

နောက်ဆက်တွဲ (၁)

အိုးရွာ ကျေးရွာ၊ ဆီဆုံ ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအေးသန်း	ဦးချစ်ပိုင်	၉/အမရ(နိုင်)၀၉၁၁၉၆	၆၃	ဥက္ကဋ္ဌ	၀၉၇၉၈၇၉၆၇၆၅
၂	ဦးနိုင်အောင်	ဦး:ထွန်းရီ	၉/အမရ(နိုင်)၀၆၃၃၈၇	၄၀	ဘဏ္ဍာရေးမှူး	၀၉၂၅၈၄၈၂၉၂
၃	ဦး:ဇင်စိုးသူ	ဦး:ခင်ဇော်	၉/စကတ(နိုင်)၀၉၉၇၄၀	၂၆	စာရင်းကိုင်(၁)	၀၉၄၀၀၄၃၇၄၅၆
၄	ဦးမင်းသူ	ဦးတင်အောင်	၉/စကတ(နိုင်)၀၆၃၃၈၇	၃၈	စာရင်းကိုင်(၂)	၀၉၇၆၀၅၄၄၂၈၄
၅	ဦးဌေး	ဦး:မျိုးချစ်	၉/အမရ(နိုင်)၀၃၆၃၉၁	၄၀	ငွေထိန်း	၀၉၄၀၂၅၆၆၆၄၈
၆	ဦး:မျိုးတင့်	ဦး:သန်းထွန်း	၉/အမရ(နိုင်)၀၇၃၂၆၀	၃၄	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၄၀၂၆၃၃၀၂၂
၇	ဦးဇော်မျိုးထက်	ဦး:ဝင်းဆောင်	၉/အမရ(နိုင်)၁၅၇၁၀၂	၂၄	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၉၉၅၀၁၉၀၅၁၅
၈	ဦးဝင်းထွန်း	ဦးကံညွန့်	၉/အမရ(နိုင်)၀၇၃၁၅၆	၃၂	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၉၇၈၃၅၀၁၁၉၂
၉	ဦးအောင်ဆန်းဝင်း	ဦး:တင်ဝင်း	လျှောက်ထားဆဲ	၅၂	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၉၄၂၁၁၈၇၇၈၇
၁၀	ဦးသန်းထွန်း	ဦး:အေးအောင်	၉/အမရ(နိုင်)၀၉၉၇၅၄	၃၃	ရန်ပုံငွေရှာဖွေရေးအဖွဲ့	–
၁၁	ဦးတင်စိုးသူ	ဦးလှဦး	၉/အမရ(နိုင်)၀၇၃၁၅၀	၄၁	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၉၄၅၂၇၇၃၈၄၉
၁၂	ဒေါ်ခင်စိန်လှိုင်	ဦး:စန်းမောင်	၉/အမရ(နိုင်)၀၃၅၆၇၀	၄၅	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၉၂၅၇၆၆၆၂၉၁
၁၃	ဒေါ်မြင့်မြင့်သန်း	ဦး:တင်သိန်း	၉/စကတ(နိုင်)၁၀၉၇၉၈	၂၂	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၉၄၅၂၇၇၃၈၄၉
၁၄	ဒေါ်တင်မွန်ရီ	ဦးအောင်တင့်	၉/စကတ(နိုင်)၀၆၄၂၉၄	၄၀	ရန်ပုံငွေရှာဖွေရေးအဖွဲ့	၀၉၇၉၆၂၇၀၁၆၇
၁၅	ဒေါ်လက်လက်ဝင်း	ဦးအောင်တင့်	၉/ကဆန(နိုင်)၀၄၁၃၉၃	၆၅	အဖွဲ့ဝင်	၀၉၇၇၄၂၈၁၇၃

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁၆	ဒေါမမလေး	ဦး:ဖိုးစိန်	၉/စကတ(နိုင်)၉၁၀၈၂၆	၅၇	အဖွဲ့ဝင်	၀၉၇၉၈၇၉၆၇၆၅
၁၇	ဦး:နိုင်နိုင်သိန်း	ဦးအောင်ထွန်း	၉/စကတ(နိုင်)၁၁၀၁၄၄	၂၄	အဖွဲ့ဝင်	–
၁၈	ဒေါမို့မို့ဝင်း	ဦးလေးမောင်	၉/အမရ(နိုင်)၀၉၁၂၇၇	၃၉	အဖွဲ့ဝင်	–
၁၉	ဒေါအေးအေးအောင်	ဦး:အေးသန်း	၉/အမရ(နိုင်)၆၂၅၆၈၆	၄၅	အဖွဲ့ဝင်	၀၉၂၆၉၉၆၃၁၀၈
၂၀	ဒေါဘိုမ	ဦး:အောင်ညိမ်း	၉/အမရ(နိုင်)၁၃၁၇၅၂	၃၃	အဖွဲ့ဝင်	၀၉၇၉၈၉၁၄၃၂၀
၂၁	ဒေါဖြူဖွေး	ဦးဝင်းမောင်	–	၃၀	အဖွဲ့ဝင်	–

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၂	၁	၃
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၁၂	၁၇	၂၉
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၁၂	၁၆	၂၈
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၁၃	၁၄	၂၇
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၁၀၉	၁၄၃	၂၅၂
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၆	၉	၁၅
စုစုပေါင်း		၁၅၄	၂၀၀	၃၅၄
စုစုပေါင်း အိမ်ထောင်စု				၉၃

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ အိုးရွာကျေးရွာတွင် အိမ်ထောင်စု (၉၃)စု နှင့် လူဦးရေ (၃၅၄) ဦးရှိပါသည်။ အလုပ်မလုပ်နိုင်သော တစ်နှစ်အောက် နို့စို့အရွယ်နေဖြင့် (၀.၀၈) ရာခိုင်နှုန်း၊ မူလတန်းကျောင်းသားရွယ် (၇.၉)ရာခိုင်နှုန်း၊ အလယ်တန်း ကျောင်းသားအရွယ် (၇.၆)ရာခိုင်နှုန်း ၊ အလုပ်လုပ်နိုင်သည့်အရွယ် (၇၁.၁၉)ရာခိုင်နှုန်းနှင့် သက်ကြီးရွယ်အို (၄.၂၄)

ရာခိုင်နှုန်းရှိပါသည်။ အလုပ်လုပ်နိုင်သောလူဦးရေအနေဖြင့် တစ်ရွာလုံး၏ (၇၁.၁၉) ရာခိုင်နှုန်းရှိသောကြောင့် လူသားအရင်းမြစ်များ များစွာရှိသဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူဖြစ်စေနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃၀	၃၅	၈	မြင့် ☑လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁၂	မြင့် ☐လတ် ☐နိမ့် ☐
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၃	၃	၁၅	မြင့် ☐ လတ် ☑ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၂၃	၂၃	၀	မြင့် ☐လတ် ☑နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၄၂	မြင့် ☐လတ် ☐နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် ☐လတ် ☐နိမ့် ☑
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၁	၁၁	၀	မြင့် ☑လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၄	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၅	အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၆	ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၇	ပညာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် ☐လတ် ☐နိမ့် ☑
၁၈	ကျန်းမာရေး				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐လတ် ☐နိမ့် ☐
၁၉	လူမှုရေး လုပ်ငန်းများ				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၁၃	၁၃	၃၄	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □လတ် □နိမ့် □
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ အိုးရွာကျေးရွာအနေဖြင့် စိုက်ပျိုးရေးကိုအဓိကထားစိုက်ပျိုးကြပြီး မြေယာမဲ့အများစုသည် ဆောက်လုပ်ရေးလုပ်ငန်းများဖြစ်သည့် ပန်းရံ၊ ချည်ကွေးနှင့် ဆေးသုတ်လုပ်ငန်းကိုအဓိကထားလုပ်ကိုင်ကြပါသည်။ မွေးမြူရေးအနေဖြင့် အိမ်ထောင်စု (၃)စု သာအဓိကအလုပ်အကိုင်အဖြစ်အသက်မွေးကြပြီး တစ်ရွာလုံးလူဦးရေ၏ (၁၅.၅၄) ရာခိုင်နှုန်းခန့်သည် မွေးမြူရေးအဖြစ် နွား၊ နို့စားနွား၊ ဝက်နှင့် ကြက်တို့ကို တစ်ပိုင်တစ်နိုင်မွေးမြူကြပါသည်။ ကျေးရွာမှထွက်ရှိသော သရက်သီးနှင့် မုံလာဂေါ်ဖီထုပ်များအား သုံးဘီး၊ ထော်လာဂျီများဖြင့် မန္တလေးစျေးကွက်သို့ လက်လီလက်ကားဖြင့် အသက်မွေးသူများမှာလည်း (၁၁.၈၃) ရာခိုင်နှုန်းရှိပါသည်။ ကျေးရွာသည် ပညာရေးအနေဖြင့် အားပေးမှုအလွန်နည်းသော ကျေးရွာဖြစ်သည့်အလျောက် ဝန်ထမ်းအနေဖြင့် ပညာရေးဝန်ထမ်းအဖြစ် (၁) ဦးသာလျင်ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၀၀၀	၅၀၀၀	၆၀၀၀	၃၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၀	၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ...ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက်(၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ အိုးရွာကျေးရွာတွင် နေ့စားအလုပ်များအဖြစ် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများတွင်သာ ရှိပြီး လုပ်ငန်းသဘာဝနှင့် လုပ်ငန်းပြီးမြောက်မှုအရ ကျား/မ နေ့စာလုပ်အားရရှိမှုမှာ ကွဲပြားမှုရှိသည်။ ပျမ်းမျှအားဖြင့် အမျိုးသမီးနှင့် အမျိုးသား လုပ်အားခနှုန်း မှာ (၂၅၀၀) ကျပ်/ရက် နှုန်းထားခန့် ကွာခြားမှုရှိသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်)
လယ်မြေ	၅၆.၅၀	ကောင်း ☐သင့် ☑ညံ့ ☐
ယာမြေ / တောင်ယာမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၆၆.၅၀	ကောင်း ☐ သင့် ☑ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၁၂၃	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ အိုးရွာကျေးရွာပိုင်နက် စိုက်ပျိုးမြေအားလုံးသည် လယ်မြေနှင့် ဥယျာဉ်ခြံမြေသာဖြစ်ကြပြီး မြေဆီလွှာအရည်သွေးအနေဖြင့် အသင့်အတင့် အမျိုးအစားတွင် ပါဝင်ပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	**ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု** **(မှန်ရာတစ်ခုကိုသာရွေးရန်)**	**အသုံးချနိုင်မှု** **(မှန်ရာတစ်ခုကိုသာရွေးရန်)**
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☐ခက် ☑ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☑ နည်း ☐ မရှိ ☐	လွယ် ☑ ခ က် ☐အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☑	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ကျေးရွာအရှေ့ဘက်ကပ်ရပ်တွင် ဒုဋ္ဌဝတီ မြစ်ရှိပြီး ၎င်းမြစ်မှ မြစ်သဲများထုတ်ယူသုံးစွဲနိုင်ပါသည်။ သို့သော်လည်း ကမ်းပါးလှိုက်စားပြိုကျမှုများရှိလာသဖြင့် အနည်းငယ်သာထုတ်ယူရရှိနိုင်ပြီး အကျိုးဆက်အနေဖြင့် ကျေးရွာ၏ အရှေ့ဘက်ရွာဦး ဘုန်းကြီးကျောင်း၏ ကမ်းပါးများနှစ်စဉ်လှိုက်စားနေ၍ ကျေးရွာနှင့် အလှူရှင်များမှ နှစ်စဉ် သဲအိတ်များချ၍ ပြုပြင်နေရပါသည်။ ထို့ကြောင့် မြစ်ကမ်းပါးထိန်း နံရံများဆောင်ရွက်ပေးရန်လည်း လိုအပ်လျက်ရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည် သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၈	၂၁	၉	၅၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ အိုးရွာကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စုအနေဖြင့် အနည်းငယ်သာရှိပြီး အဆိုပါ အိမ်ထောင်စုများသည် ပိုင်ဆိုင်သော အိမ်ထောင်စုများနှင့် လက်လီလက်ကားရောင်းဝယ်သော အိမ်ထောင်စုများသာ ဖြစ်ပါသည်။ အလယ်အလတ်ရှိသောအိမ် ထောင်စုများမှာ စိုက်ပျိုးရေးကိုသာလုပ်ကိုင်ကြပြီး မပြေလည်သော အိမ်ထောင်စုများအနေဖြင့် ဆောက်လုပ်ငန်းလုပ်ငန်းများဖြစ်သော ချည်ကွေးလုပ်ငန်းကို မန္တလေးသို့ သွားရောက်လုပ်ကိုင်ကြသူ အများစုဖြစ်ပါသည်။ အလွန်မပြေသောအိမ်ထောင်စုများမှာရာသီအလိုက် ကြုံရာကျပန်းလုပ်ကိုင်အသက်မွေးကြသူများ ဖြစ်ပါသည်။

(c) ထိခိုက်လွယ်မှု

(c–၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အိုဖြင့် နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ အိုးရွာကျေးရွာတွင် ကူညီစောင့်ရှောက်မှုလိုအပ်နေသော ဆင်းရဲသည့် အိမ်ထောင်စုများမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာမဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၂	သဘာဝရင်းမြစ်ရှားပါးမှု (မြေဓိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၀	မြေပြိုခြင်း၊မြေဆီလွှာပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၂	၄က်ဖျားရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၅	ပြည်တွင်းပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၆	တိရစ္ဆာန်ကူးစက်ရောဂါကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေးခက်ခဲစသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။။။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ အိုးရွာကျေးရွာရှိ စိုက်ပျိုးရေးအားလုံးသည် ဒုဋ္ဌဝတီမြစ်ရေတင်စခန်းဖြစ်သော အိုးထိန်းတောင်ကျေးရွာမှ ရေတင်စိုက်ပျိုးကြရပြီး အဆိုပါ ရေသည် ပုံမှန်အချိန်မှန်ပေးနိုင်ခြင်းမရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် တောင်သူများအနေဖြင့် အကြပ်အတည်းနှင့် ကြုံတွေ့ရသည်များရှိပါသည်။ ဒုဋ္ဌဝတီမြစ်ကမ်းပါးတွင် တည်ရှိသောကြောင့် မြစ်ရေကြီးခြင်းများရံဖန်ရံခါ ဖြစ်ပေါ်တက်ပြီး ကမ်းပါးပြိုခြင်းများ ဖြစ်ပေါ်တက်ပါသည်။

(ဃ-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐
၂	အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့်အိမ်ထောင်စု	မြင့် ☐ လတ် ☑ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☑ မရှိ ☐

စဉ်	ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၄	သဘာဝဘေးဒဏ်ဆိုးရွားစွာကျရောက်နိုင်သောအိမ်ထောင်စု/ ကူးစက်ရောဂါထူပြောသောဒေသတွင်နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☑
